အာအက်ဖ်အေ

၂၅–၀၁–၂၀၀၄ (မနက်ပိုင်း)

## ဒေါ်စု ကျန်းမာရေးအခြေအနေနှင့်ပတ်သက်ပြီး မိသားစုဆရာဝန် ဒေါက်တာတင်မျိုးဝင်နှင့် ဆက်သွယ်မေးမြန်းချက်။

ရန်ကုန်နေအိမ်မှာ အကျယ်ချုပ်ခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ကျန်းမာရေးရော၊ စိတ်ဓါတ်ရေးပါ အထူးကောင်းမွန်နေကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိသားစုဆရာဝန်က အာအက်ဖ်အေကို ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျန်းမာရေးကိုနေ့စဉ် စစ်ဆေးခွင့်ရထားတဲ့ ဆရာဝန်တစ်ဦးက တော့ ဒေါက်တာတင်မျိုးဝင်းနဲ့ ဒေါက်တာသင်းကိုကြည်တို့ နှစ်ဦးဖြစ်တယ်လို့ ဒေါက်တာတင်မျိုးဝင်းက ပြောပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မိသားစုဆရာဝန် ဒေါက်တာတင်မျိုး ဝင်းကို အာအက်ဖ်အေက အခုလိုဆက်သွယ်မေးမြန်းခဲ့ပါတယ်။

**မေး။** ။ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးနောက်ဆုံးအခြေအနေ ဘယ်လိုရှိပါသလဲခင်ဗျာ။
**ဖြေ။** ။ ကျန်းမာရေးကောင်းပါတယ်။

**မေး။** ။ တစ်ပတ်ကို ဆရာဘယ်နှစ်ခါလောက် စစ်ဆေးရပါသလဲ မသိဘူး။
**ဖြေ။** ။ ကျွန်တော်နေ့တိုင်းသွားတယ်။

**မေး။** ။ နေ့တိုင်းသွားတယ်နော်။
**ဖြေ။** ။ ဟုတ်ကဲ့။

**မေး။** ။ စောစောပိုင်းကလည်း အဆက်အသွယ်မရရှိတော့၊ အားလုံးကလည်းစိတ်ပူနေတာပေါ့လေ၊ ဒေါ်အောင်ဆန်း စုကြည်ရဲ့ ကျန်းမာရေးအခြေအနေကို သိချင်တာပေါ့။ တခြားရော စိုးရိမ်နေကြတဲ့ လူတွေကို ဘာများပြောချင်ပါသေးလဲ ခင်ဗျ။
**ဖြေ။** ။ အားလုံးရော၊ ကျန်းမာရေးကော၊ စိတ်ဓါတ်ရော အကုန်ကောင်းပါတယ်။

**မေး။** ။ ဆရာနဲ့အတူတူ တွေ့ခွင့်ရတာ ကျန်းမာရေးစစ်ဆေးဖို့၊ ဘယ်နှစ်ယောက်ရှိသလဲ မသိဘူးခင်ဗျ။
**ဖြေ။** ။ ကျွန်တော်ရယ်၊ ဒေါက်တာ သင်းကိုကြည်ရယ်လေ။

ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျန်းမာရေးဆရာဝန် ဒေါက်တာတင်မျိုးဝင်းဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ် စက်တင်ဘာလထဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျန်းမာရေးအခြေအနေမကောင်းတဲ့အတွက် ရန်ကုန်မြို့ အာရှတော်ဝင်ပုဂ္ဂလိက ဆေးရုံတက် ရောက်ပြီး ခွဲစိတ်ကုသမှုခံယူခဲ့ရပါတယ်။ အာရှတော်ဝင်ဆေးရုံက ဆင်းလာတဲ့အချိန်ကစပြီး ဒေါ်အောင်ဆန်းစုကြည်ကို နအဖအစိုးရက နေအိမ်ပြန်ပို့ခဲ့ပါတယ်။ ဒီလိုနေအိမ် ပြန်ပို့ထားတာဟာ တကယ်တော့ နေအိမ်အကျယ်ချုပ် ချုပ်ထားတာ ပဲလို့ ဝေဖန်ချက်တွေကို နအဖ အစိုးရက ငြင်းဆိုနေပေမယ့် ဒေါ်အောင်ဆန်းစုကြည်ကို ဒေါက်တာတင်မျိုးဝင်းနဲ့ ဒေါက်တာ သင်းကိုကြည်တို့ကလွဲပြီး ဘယ်သူမှ တွေ့ခွင့်မရဘူးလို့ စုံစမ်းသိရှိရပါတယ်။